


# သင့်ကလေးများ အားကစား လုပ်ချင်ပါသလား။

Kidsport အစီအစဉ်သည် ပါဝင်ကစားထိုက်သော ကလေးများအား အားကစားအသင်းကို ဝင်ပြီးပျော်ပျော်ပါးပါး စတင်ကစားစေရန် အသင်းအခကြေးများကို ပေးချေရန်အတွက် ကလေးတစ်ယောက်လျှင် တစ်နှစ် ဒေါ်လာ ၁၅၀ အထိ ကူညီပံ့ပိုးပေးပါသည်။

အားကစားသည် ကလေးတစ်ဦး၏ ကြီးထွားဖွံ့ဖြိုးရေးအတွက် အရေးကြီးပါသည်။ ၎င်းသည် သူတို့၏ မိမိကိုယ်မိမိ ယုံကြည်စိတ်ချစိတ်ကို ပံ့ပိုးတိုးမြှင့်ပေးစေနိုင်ပြီး သူတို့၏ မိတ်ဆွေများနှင့်အတူတကွ ကိုယ်လက်လှုပ်ရှားကစားရန် ကျန်းမာစေသောနည်းလမ်းကို ဆောင်ကျဉ်းပေးပါသည်။

ဒေသဆိုင်ရာ အစိုးရ ဌာန၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ လုပ်ငန်းကဏ္ဍများသည် ကလေးများအား လူမှုအသိုင်းအဝိုင်း အားကစားတွင် ပါဝင်ကစားကြရန် အပြင်းအထန် တိုက်တွန်းပါသည်၊ ကလေးများ၏ ရုပ်ပိုင်းဆိုင်ရာ အကျိုးကျေးဇူးများ အတွက်သာမကဘဲ စိတ်ပိုင်းဆိုင်ရာနှင့် စိတ်ခံစားမှုဆိုင်ရာ သာယာကောင်းမွန်ရေးအပေါ် ကောင်းမွန်သော သက်ရောက်မှုများ ရှိသောကြောင့်လည်း ဖြစ်ပါသည်။

**မည်သူက လျှောက်ထားနိုင်သလဲ။**

သက်တမ်းရှိသည့် ကျန်းမာရေး စောင့်ရှောက်မှုကတ်ပြား သို့မဟုတ် ပင်စင်ကတ်ပြား (အောက်ပါ ဓါတ်ပုံ နမူနာကို ကြည့်ပါ) ပါ အသက် ၅ နှစ်မှ ၁၈ နှစ် အရွယ် အားလုံးသော အနောက်ဩစတြေးလျပြည်နယ် ကလေးများအားလုံးသည် လျှောက်ထားနိုင်သည်။ ကြည့်ရှုရန် ဝက်ဘ်ဆိုက်–

[www.dlgsc.wa.gov.au/kidsport](http://www.dlgsc.wa.gov.au/kidsport)




သင့်ကလေးအနေဖြင့် သူတို့၏ ဖောက်ချာအား သုံးနိုင်သည့် အသင်းကို ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်တွင် တွေ့နိုင်သည်–
[https://kidsport.dlgsc.wa.gov.au/find-a-club](https://kidsport.dlgsc.wa.gov.au/find-a-club)




KIDSPORT

ဤရန်ပုံငွေချပေးမှုအတွက် လျှောက်ထားရာ၌ သင် အကူအညီလိုအပ်လျှင် ကျေးဇူးပြုပြီး Kidsport အဖွဲ့ကို kidsport@dlgsc.wa.gov.au ဖြင့် အီးမေးလ်ပို့ပါ သို့မဟုတ် ဖုန်း +61 8 9492 9911 ကိုခေါ်ပါ။ သင့် ဒေသခံ ကောင်စီရုံး၊ ကျောင်း၊ အသင်း သို့မဟုတ် ဒေသခံ လူမှုအသိုင်းအဝိုင်း ဆက်သွယ်ရမည့်သူတို့သည်လည်း သင့် လျှောက်လွှာနှင့်ပတ်သက်ပြီး ကူညီပေးနိုင်ကြောင်း ပေးနိုင်ပါသည်။

Department of
Local Government, Sport
and Cultural Industries
GOVERNMENT OF WESTERN AUSTRALIA